云南民族大学“十二五”规划教材
云南民族大学教材建设基金资助教材

仰光大学博导 အောင်မြင့်ဦး 审定

# 高级缅语教程

## အဆင့်မြင့်မြန်မာဘာသာဖတ်စာ

王何忠 编著



云南大学出版社
YUNNAN UNIVERSITY PRESS

云南民族大学十二五规划教材
云南民族大学教材建设基金资助教材

# 高级缅语教程

## အဆင့်မြင့်မြန်မာဘာသာဖတ်စာ

王何忠 编著

仰光大学博导 အောင်မြင့်ဦး 审订



云南大学出版社

**图书在版编目（CIP）数据**

高级缅语教程 / 王何忠编著. —昆明 ：云南大学出版社，2014

ISBN 978 - 7 - 5482 - 1920 - 0

Ⅰ. ①高…　Ⅱ. ①王…　Ⅲ. ①缅语—高等学校—教材
Ⅳ. ①H421

中国版本图书馆 CIP 数据核字（2014）第 028007 号

**高级缅语教程**

**王何忠　编著**

策划组稿：邓立木
责任编辑：冯　峨
封面设计：刘　雨
出版发行：云南大学出版社
印　　装：云南大学出版社印刷厂
开　　本：787mm × 1092mm　1/16
印　　张：12.25
字　　数：306 千字
版　　次：2014 年 2 月第 1 版
印　　次：2014 年 2 月第 1 次印刷
书　　号：ISBN 978 - 7 - 5482 - 1920 - 0
定　　价：38.00 元

地　址：云南省昆明市翠湖北路 2 号（邮编：650091）
电　话：0871 - 65031071　65033244
网　址：http：//www.ynup.com　E - mail：market@ynup.com

# သင်ခန်းစာ (၁)

## မြန်မာနိုင်ငံနမ့်ခမ်းမြို့သို့ခရီးတစ်ခေါက်

နမ့်ခမ်းဟူသည်မှာရှမ်းဘာသာစကားဒေသနာမည်ဖြစ်သည်။ ဝါ "ရွှေမြစ်" အဓိပ္ပာယ်ရသည်။ ရှေးခေတ်လူများကရွှေလီမြစ်ကိုကျင်ရှာမြစ်ကြီးဟုခေါ်သဖြင့်ဤအမည်မှည့်မှုခံရပါသည်။ ၎င်းသည်မြန်မာနိုင်ငံရှမ်းပြည်နယ်၏အနောက်မြောက်ဘက်ကမြို့ငယ်လေးတစ်မြို့ဖြစ်၍မြန်မာနိုင်ငံမြောက်ပိုင်းကအရေးကြီးသောတံခါးဝမြို့ငယ်တစ်ခုလည်းဖြစ်ပါသည်။ ပင်လယ်ပင်အထက်သည် ၇၃၂ မီတာမြင့်ပါသည်။ နမ့်ခမ်းမြို့နယ်၏ဧရိယာသည်စတုရန်းကီလိုမီတာ ၅၀၀၀ ခန့်ရှိ၍လူဦးရေ ၁.၃ သိန်းခန့်ရှိပါသည်။ ၎င်းသည်ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ တရုတ်မြန်မာနယ်စပ်ဒေသမှရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်ဆက်စပ်သည့်နေရာတွင်တည်ရှိနေကာတရုတ်ပြည်ရွှေလီမြို့နှင့်နယ်စပ်ချင်းကပ်လျက်ရှိပါသည်။ ဤရာစုနှစ် ၃၀ ဆယ်စုနှစ်ပိုင်းကတည်းကစ၍၎င်း၏စီးပွားရေးသည်ကုန်သွယ်ရေးလုပ်ငန်းကိုအဓိကထားပြီးလယ်ယာလုပ်ငန်းကိုအရံအဖြစ်ထားလိုက်တာဖြစ်သည်။ လက်ဖက်တစ်နှစ်ထွက်ကုန်အရေအတွက်သည်မြန်မာနိုင်ငံ၏ဒုတိယနေရာလိုက်ပါသည်။ ဤမြို့မှလမ်းများသည်စနစ်တကျရှိကာအကွက်ကျစီမံထားပြီးတရားလမ်းမှန်ကျသည်။ အရပ်သူအရပ်သားများ၏နေအိမ်တို့သည်ယဉ်ကျေးသိမ်မွေ့၍ရိုးဖြောင့်သည့်အရှေ့တောင်အာရှ၏ထူးခြားချက်များကိုပါရှိပါသည်။ ရှေးဟောင်းစေတီတော်များမားမားမတ်မတ်ရပ်တည်လျက်ရှိ၍စိတ်နေသဘောထားထူးကဲလှပါသည်။ ဘုရားကျောင်းကန်များကရှုန်းတင့်တောက်ပြောင်ပြီးခန့်ညားထယ်ဝါလှ၍အစိမ်းရောင်သစ်ချုံထဲ၌အုပ်အုပ်ဆိုင်းဆိုင်းဝေဝေစည်စည်ရှိနေသဖြင့်လူတွေ၏အာရုံများကိုအလွန်ဆွဲဆောင်နေပါသည်။ ၁၀၄၄ ခုနှစ်ပုဂံခေတ်မှအနောင်ရထာမင်းသည်စစ်တပ်ကိုဦးဆောင်ပြီးမြောက်ပိုင်းချီတိုက်ပွဲဆင်ဝယ်မိုင်းခမ်တွင်စခန်းချ၍အခြေပြုခဲ့သည်။ ၁၀၄၄ ခုနှစ်အာလွန်စီကြီးမှူးကွပ်ကဲသူကရှမ်းပြည်နယ်ကိုလှည့်လည်၍ကြည့်ရှုစစ်ဆေးရန်ကာကွယ်ရေးစစ်တပ်ကိုဦးဆောင်၍ရှမ်းပြည်နယ်ကိုရောက်ခဲ့ဖူးပါသည်။ ၎င်းကရှေးဘုရင်မင်းကြီးများ၏မဟာဂုဏ်ကျေးဇူးများကိုအမွှမ်းတင်ရန်မိုင်းခမ်ဘုရားစေတီတော်ကိုပထမဦးဆုံးတည်ဆောက်ခဲ့ပါသည်။

နမ့်ခမ်းမှရှေးဟောင်းစေတီတော်နှင့်ဘုရားကျောင်းကန်များသည်မြန်မာနိုင်ငံကအဆောက်အအုံအနုပညာ၏အဆီအနှစ်ဖြစ်ပါသည်။ ၎င်းတို့၏ထူးခြားစွာအသွင်ဆောင်သည့်အဖွဲ့အစည်းသော်လည်းကောင်း၊ ဟန်အမူအရာအမျိုးမျိုးဖြစ်သည့်ပန်းပုနှင့်ရုပ်သွင်းအတတ်များသော်လည်းကောင်း၊ သာယာလှပသည့်နံရံပန်းချီသော်လည်းကောင်းမြန်မာ့ရှေးဟောင်းယဉ်ကျေးမှု၏ရှုန်းတင့်တောက်ပြောင်မှုများကိုအထင်းသားပေါ်လွင်လိုက်ပါသည်။ အဓိကဗုဒ္ဓဘာသာနှင့်သက်ဆိုင်သောနာမည်ကျော်ကြားလှသည့်ရှုခင်းရှုကွက်များသည်မိုင်းခမ်စေတီတော်၊ တော်ဇတ်ဘုရားကျောင်းကန်၊ အလယ်အလတ်စေတီဘုရားကျောင်းကန်၊ မိုင်းလာဘုရားကျောင်းကန်၊ ခရုစေတီတော်များဖြစ်ကြပါသည်။ ဤသမိုင်းကျန်ရစ်ထားသောနာမည်ကျော်စောသည့်ရှေးဟောင်းအကြွင်းအကျန်နေရာသည်ပြည်တွင်းပြည်ပမှများပြားလှသည့်ခရီးလှည့်လည်သူများကိုသိမ်းကျုံးဆွဲငင်ပါသည်။

နမ့်ခမ်းသည်တောင်ကိုမှီ၍မြစ်နှင့်ကပ်လျက်ရှိပါသည်။ ရွှေလီမြစ်သည်ကြီးမားသောငွေနဂါးပမာမြို့မြောက်ဘက်မှကွေ့ပတ်စီးသွားကာနောက်ကျောဘက်၌စိမ်းစိမ်းစိုစိုတောင်ပြာတန်းကြီးကျန်ခဲ့ပါသည်။ ၎င်းသည်ရွှေလီမြို့နှင့်နမ့်ခမ်းမြို့နယ်ဆက်စပ်သောနေရာမှနေစီးဖြတ်ပြီးနောက်၊ မြစ်မျက်နှာပြင်ကျယ်ဝန်းလာပါသည်။ မိုးရာသီကျော်လွန်သွားသော်လည်းမြစ်မျက်နှာပြင်သည်အတော်ရှုလို့လှပါသေးသည်။

လှပသောမြို့ကလေးသည်ဤသို့အေးချမ်းငြိမ်သက်စွာဖြင့်တောတောင်လယ်မြေကြားတွင်လဲလျောင်းနေပါသည်။ သယံဇာတပေါများ၍ရှုခင်းသာယာလှပပါသည်။ နောက်ပြီးရောဂါဘယနှင့်အညစ်အကြေးကင်းစင်စေနိုင်သောရေပူစမ်းများလည်းရှိပါသေးသည်။ နာမည်အကျော်ကြားဆုံးဖြစ်သည့်ရေပူစမ်းသည်နမ့်ခမ်းမြို့နှင့် ၃ ကီလိုမီတာဝေးသောမိုင်ဝိုင်ရေပူစမ်းဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်ဇူလိုင်လတွင်နမ့်ခမ်းမြို့မြို့ပြအုပ်ချုပ်ရေးဌာနကမြန်မာငွေ

၁.၅၁ သန်းရင်းနှီးမြှုပ်နှံ၍ရေပူစမ်းဆေးကုအပန်းဖြေစခန်းကိုတည်ဆောက်ရန်ကျွန်တော်တို့တိုင်းပြည်ရွှေလီမြို့မြို့ပြထူထောင်ရေးဌာနအားတာဝန်လွှဲအပ်ပေးလိုက်ကာအောက်တိုဘာလ ၁၅ ရက်နေ့တွင်လုပ်ငန်းပြီးမြောက်သွားပြီဖြစ်သည်။

မြို့တွင်းလမ်းများသည်သေသေသပ်သပ်ညီညီညာညာရှိလှပါသည်။ ကားလမ်းအသွယ်သွယ်မှလိုရာခရီးသို့ပေါက်ပေါက်ရောက်ရောက်သွားနိုင်သည်။ မြို့နေလူထုများကလည်းရိုးသားဖြူစင်ကြပါသည်။ အရပ်သူအရပ်သားများသည်ရှမ်း၊ ပလောင်၊ လီစူး၊ ကချင်လူမျိုးများအဓိကဖြစ်ပါသည်။ ထို့ပြင်မြန်မာလူမျိုးနှင့်ကချင်လူမျိုးနည်းနည်းရှိသေးပါသည်။ နယ်စပ်ဒေသကိုလာရောက်လည်ပတ်သည့်လူတွေသိပ်များလှပါသည်။ ကူးတို့ဆိပ်တွင်လှေထိုးသောမြန်မာ့လုလင်ကစင်တီမီတာ ၅၀ ရှည်သောတက်ဖြင့်ခရီးသည်များအားမြစ်တစ်ဘက်ကမ်းသို့ပို့သွားလိုက်ပါသည်။ မြစ်ကမ်းတက်ပြီးနောက်မြို့တည်ရာသို့ကားစီးသွားကြပါသည်။ နမ့်ခမ်းမြို့သို့ပေါက်သွားသောကားလမ်းအခြေအနေသည်အင်မတန်ညံ့လှ၍ကားမောင်းရာတွင်ကားသည်ယိမ်းထိုးလှုပ်ခါဖြစ်သဖြင့်လမ်းပြမစ္စကယိမ်းထိုးလှုပ်ခါသောကားကိုစီးခြင်းသည်အခမဲ့နှိပ်နယ်သည်နှင့်တူသည်ဟုအရွှမ်းဖောက်ကာခနဲ့တဲ့တဲ့ပြောပါသည်။ နမ့်ခမ်းမြို့တွင်ဝါး၊ သစ်သားများဖြင့်ဆောက်လုပ်ထားသောနေအိမ်များကိုနေရာတကာတွင်တွေ့မြင်နိုင်ပါသည်။ တိုင်နှင့်အိမ်ရိုးမှလွဲ၍အကုန်လုံးဝါးနှီး၊ ပျဉ်ပြားများဖြင့်ဝိုင်းဝန်းထိုးထားလိုက်သည်ဖြစ်ပါသည်။ ဤနွေးထွေးသောအိမ်ငယ်များသည်ဘေးပတ်မှကြီးလည်းကြီးမြင့်လည်းမြင့်သည့်စိမ်းလန်းစိုပြည်နေသောညောင်ပင်များနှင့်ကွင်းကွင်းကွက်ကွက်ထင်ထင်ရှားရှားနှိုင်းယှဉ်မှုဖြစ်လာပါသည်။ ထူးခြားသောနောက်တစ်မျိုးရှုခင်းရှုကွက်ပေါ်လွင်လာပါသည်။ နမ့်ခမ်းမြို့ထဲမှလမ်းသည်အကုန်လုံးကျောက်ခဲနှင့်မြေရောနှော၍ခင်းထားခြင်းဖြစ်ပါသည်။ မကျွှပ်ထိုးထားသောဟင်းသီးဟင်းရွက်ရောင်းဈေးတန်းသည်ကျယ်ဝန်းလှပါသည်။ ဤဈေးတန်းတွင်ဟင်းသီးဟင်းရွက်၊ စားနပ်ရိက္ခာနှင့်တောင်တန်းဒေသထွက်ကုန်စည်များကိုရောင်းချကြပါသည်။ ဟင်းသီးဟင်းရွက်ရောကုန်ပစ္စည်းများပါရောင်းချနေသောစင်သည်မြေပြင်စင်တီမီတာ ၅၀ ထက်မြင့်ပါသည်။ ၄င်းသည်အစိုဓာတ်ကိုကာကွယ်နိုင်ပါသည်။ လမ်းဘေးဈေးဆိုင်တွင်မြန်မာနိုင်ငံမှမိန်းကလေးတစ်ယောက်ကတင်ပျဉ်ခွေထိုင်၍ဟင်းရောင်းနေသည်ကိုတွေ့ရပါသည်။ ၄င်း၏မျက်နှာသည်ဝိုင်းဝိုင်းစက်စက်ဖြစ်ကာပါးပြင်နှစ်ဘက်ပေါ်တွင်မညီညာသောသနပ်ခါးလိမ်းထား၍နှာတံပေါ်တွင်လည်းနည်းနည်းလိမ်းထားသည်ကိုတွေ့ရပါသည်။ သနပ်ခါးလိမ်းထားလိုက်လျှင်ချစ်ချစ်တောက်အောင်ပူပြင်းလှသောနေရောင်ခြည်၏ထိုးမှုအောက်တွင်သားရေပြားကိုနူညက်စေတတ်သည်ဟုဆိုပါသည်။ သနပ်ခါးသည်မွှေးပျံ့သောသစ်တုံးမှသွေး၍ထွက်လာသောအမှုန့်ပင်ဖြစ်သည်ဟုဆိုပါသည်။ အခြားပေါင်းစပ်ထားသောမည်သည့်အရာဝတ္ထုကိုမျှလည်းရောနှောထားခြင်းမရှိပေ။ ဤသို့မွှေးပျံ့သောသနပ်ခါးကိုမျက်နှာပြင်ပေါ်တွင်လိမ်းခြယ်ခြင်းကြောင့်အေးမြခြင်း၊ နေရောင်ကာကွယ်ခြင်း၊ အသားအရေကိုကာကွယ်ခြင်းစသည်ဖြင့်အသုံးဝင်လှပါသည်။ သဘာဝစစ်စစ်နေရောင်ကာကွယ်သောအဖြူမှုန့်ဖြစ်သည်။ မိန်းကလေးမျက်နှာနှင့်ဘုရားဆင်းတုတော်မျက်နှာမနှိုင်းသင့်ပါ။ ဘုရားဆင်းတုတော်၏မျက်နှာပန်းသည်ဝိုင်းဝိုင်းစက်စက်ဖြစ်၍ခုံးခုံးဖောင်းဖောင်းဖြစ်ကာအင်မတန်တည်ကြည်လေးနက်လှပါသည်။ နမ့်ခမ်းမြို့ကိုရောက်ရောက်ချင်းဝေးသည့်နေရာမှနေတောင်ပေါ်ရှိဘုရားဆင်းတုတော်အားမြင်တွေ့နိုင်ပါပြီ။

နမ့်ခမ်းမြို့၏ပြင်ပမှလမ်းဘေးကျောက်မျက်ရတနာဆိုင်သည်တစ်သီတစ်တန်းကြီးဆက်သွယ်ထား၍တစ်ကီလိုမီတာလောက်ရှည်လျားပါသည်။ ဈေးကွက်တွင်မော်တော်ကား၊ မော်တော်ဆိုင်ကယ်မတွေ့ရပေ။ ကျောက်မျက်ရတနာဆိုင်ထဲတွင်သန့်သန့်ရပ်ရပ်ရှိလှပြီးအမျိုးအစားစုံလင်သည့်အရောင်အဆင်းမတူခြားနားသောရွှန်းတင့်ထွေပြားစုံလင်သည့်ကျောက်မျက်ရတနာများအားရောင်းချနေပါသည်။ ဤကျောက်မျက်ရတနာများသည်အချိုတ်အညှိ့အလွန်အကျုံ့ရှိလှပါသည်။

နမ့်ခမ်းမြို့၌စက်ရုံထဲမှဆူညံသောစက်နှိုးသံမကြားရပေ။ သွားလာကြသောမော်တော်ကားများကိုလည်းတွေ့ရတာနည်းလှ၍မီးခိုးလုံးထွက်သောမော်တော်ဆိုင်ကယ်သွားလာခြင်းကိုတွေ့ရတာပိုခဲလှပါသည်။ တွေ့ရသည်ကမူဆိတ်ငြိမ်သောလယ်ခင်းထဲ၌ရှင်သန်သည့်လယ်ယာသီးနှံများပင်ဖြစ်ပါသည်။ နမ့်ခမ်းဒေသမှလူဦးရေသည်လယ်မြေလောက်မများပေ။ တစ်နှစ်သီးနှံနှစ်သီးသာစိုက်နိုင်သည်ဟုလမ်းပြမစ္စ၏မိတ်ဆက်ပေးခြင်းအရသိရပါသည်။ သီးနှံ

တစ်သီးထွက်ပြီးနောက်နှစ်နှစ်အတွက်စားနပ်ရိက္ခာများလုံလောက်ပြီ။ ထို့ကြောင့်နမ်ခမ်မြို့ကလယ်သမားများသည် စိမ်းလန်းသောတောင်နှင့်မြစ်မ်းရောင်ရေကြားထဲတွင်လယ်ယာအလုပ်ကိုငြိမ်သက်စွာလုပ်နေကြပါသည်။ နမ်ခမ်ဟူသောဉ်နာမည်၏ရှမ်းစကားအဓိပ္ပာယ်သည် "နမ်" သည် "ရေ" ဖြစ်သည်။ "ခမ်" သည် "ရွှေ" ဖြစ်သည်ဟုလည်းဆိုသည်။

## ဝေါဟာရ

အကွက်ကျစီမံထားပြီးတရားလမ်းမှန်ကျသည် (ပုဒ်စု) 布局合理

အုပ်အုပ်ဆိုင်းဆိုင်းဝေဝေစည်စည်ရှိ (ကြိ) 掩映

စခန်းချ၍အခြေပြု (ကြိ) 安营扎寨

အမွှမ်းတင် (ကြိ) 颂扬

သိမ်းကျုံးဆွဲငင် (ကြိ) 吸引

နယ်နိမိတ်ချင်းဆက်စပ်သည့်နေရာ (န) 交界处

ဖြတ်သန်းစီးဆင်း (ကြိ) 穿流

မြစ်၏မျက်နှာပြင်ကျယ်ဝန်း (နဝိ) 河面宽阔

လှေထိုး (ကြိ) 撑船

(လှေရန်) တက် (န) 桨

(ပန်ကာ) ဒလက် (န) 桨叶

တစ်ဘက်ကမ်း။ ဟိုဘက်ကမ်း (န) 对岸

ကားလမ်းအခြေအနေညံ့သည်။ လမ်းကြောင်းညံ့သည် (နဝိ) 路况差

ယိမ်းထိုးလှုပ်ခါသည်။ ယိမ်းပီယိမ်းပါးသည် (ကြိဝိ) 颠簸摇晃

လမ်းပြမစ္စ။ လမ်းပြမယ် (န) 导游小姐

အရွှမ်းဖောက်၍ခနဲ့တဲ့တဲ့ပြော (ကြိ) 诙谐讥讽地说

နှိပ်နယ် (ကြိ) 按摩

နေအိမ် (န) 住房

အိမ်ရက်မ။ အိမ်ရိုး (န) 房梁

ဝါးနီး (န) 竹篾

ပျဉ်ပြား (န) 木板

ဝိုင်းဝန်းထိုးထား (ကြိ) 围搭起来

အိမ်ခန်းငယ်။ အိမ်ငယ် (န) 小屋

ကြီးလည်းကြီးမြင့်လည်းမြင့်သောစိမ်းလန်းစိုပြည်သည့်ညောင်ပင် (ပုဒ်စု) 高大苍翠的大榕树

ကွင်းကွင်းကွက်ကွက်ထင်ထင်ရှားရှားနှိုင်းယှဉ်မှုဖြစ်လာစေခြင်း။ ပေါ်လွင်ထင်ရှားသောမှိုင်းမြင်းနှိုင်းယှဉ်အောင်ဖြစ်လာစေခြင်း (ပုဒ်စု) 形成鲜明的对照

နောက်တစ်မျိုးထူးခြားသောရှုခင်းရှုကွက်။ ထူးခြားလှသောရှုခင်းရှုကွက်နောက်တစ်မျိုး (ပုဒ်စု) 另一番独特的景象

အဖြူမှုန့် (န) 霜

မဏ္ဍပ်ထိုးထား (ကြိ) 搭着棚子

တောင်တန်းဒေသထွက်ကုန်စည် (န) 山货

အစိုဓာတ်ကာကွယ်ခြင်း။ အစိုမပြန်စေရန်ကာကွယ်ခြင်း (န) 防潮

လမ်းဘေးဈေးဆိုင်။ ဈေးဆိုင်။ (န) 摊

တင်ပျဉ်ခွေထိုင် (ကြိ) 盘腿坐

မျက်နှာဝိုင်းဝိုင်းစက်စက်။ မျက်နှာဝိုင်းဝိုင်းပြည့်ပြည့် (နဝိ) 脸圆圆的

သုတ်သည်။ လိမ်းသည်။ လူးသည် (ကြိ) 涂抹

သနပ်ခါး (န) 黄香楝

နှာတံ (န) 鼻梁

ချစ်ချစ်တောက်အောင်ပူပြင်းလှသည့်နေရောင်ခြည်။ ရှိမ်းရှိမ်းပူသောနေရောင်ခြည် (န) 炽热的阳光

အလင်းရောင်ထိုး။ အလင်းရောင်ပေး (ကြိ) 照射

သားရေပြားနုညက်သည်။ အသားအရေနုဖတ်သည် (နဝိ) 皮肤细嫩

ဝိုင်းစက်သောမျက်နှာပန်း။ ဝိုင်းပြည့်သောမျက်နှာပေါက် (န) 圆脸庞

ရုပ်ပွားတော်မျက်နှာပန်း။ ဘုရားဆင်းတုတော်မျက်နှာပေါက် (န) 佛像脸庞

ခုံးခုံးဖောင်းဖောင်း (ကြိဝိ) 鼓鼓的，隆起来，凸起来

တစ်သီတစ်တန်းကြီးဆက်သွယ်ထားခြင်း။ တစ်တန်းဖြစ်အောင်ဆက်ထားခြင်း (န) 连成一排

အရောင်အဆင်းမတူခြားနားမှု။ အရောင်အသွေးချင်းမတူခြားနားခြင်း (န) 色泽各异

ရွန်းတင့်ထွေပြားစုံလင်သည်။ ရွန်းတင့်ရောင်စုံကြွယ်လှသည် (နဝိ) 艳丽多彩

အချိတ်အညှိ့အလွန်အကျွံရှိလှသည်။ ညှို့နိုင်စွမ်းရှိလှသည် (ကြိ) 极富魅力

ဆူညံသောစက်နှိုးသံ။ အုတ်အုတ်ကြွက်ကြွက်ဆူဆူညံညံဖြစ်သောစက်လှည့်သံ (ပုဒ်စု) 嘈杂的机器转动声

မီးခိုးလုံးထွက်သောမော်တော်ဆိုင်ကယ်။ မီးခိုးထလာသောမော်တော်ဆိုင်ကယ် (ပုဒ်စု) 拖着烟柱的摩托车

ဆိတ်ငြိမ်သောလယ်ခင်း။ ငြိမ်သက်သောလယ်ခင်း။ ငြိမ်ငြိမ်ဆိတ်ဆိတ်ရှိသောလယ်ခင်း (န) 宁静的农田

ရှင်သန်သောလယ်ယာသီးနှံ။ ရှင်သန်စွာကြီးပြင်းလာသောလယ်ယာသီးနှံ (ပုဒ်စု) 茁壮生长的庄稼

နှစ်သီး (န) 两季

နှစ်သီးစိုက်စပါး (န) 双季稻

စိမ်းလန်းသောတောင်နှင့်မြစိမ်းရောင်ရေကြား (န) 青山绿水间

လယ်ယာအလုပ် (န) 农活

ကဗျာဆန်မှုနှင့်ပြည့်စုံသည်(ကြိ)။ ကဗျာရသပြည့်ဖြိုးသည် (နဝိ) 富于诗意

## လေ့ကျင့်ခန်း

တစ်။ ဖတ်စာအရအောက်ပါဝါကျများပါအကြောင်းအရာများကိုအဟုတ်တကယ်ဟုတ်မဟုတ်သုံးသပ်ပေးပါ။

( ) ၁။ ရွှေလီမြစ်သည်ရွှေလီမြို့နှင့်နမ်ခမ်မြို့ကြားတွင်စီးဖြတ်လိုက်ခြင်းဖြစ်သည်။

( ) ၂။ နမ်ခမ်မြို့သို့ပေါက်သွားသောကားလမ်း၏အခြေအနေသည်ကောင်းပေသည်။

( ) ၃။ ခရီးသည်များကိုကမ်းတစ်ဘက်သို့ပို့သွားသောလုလင်သည်တရုတ်ပြည်မှလုလင်ဖြစ်ပါသည်။

( ) ၄။ နမ်ခမ်မြို့တွင်ဝါး၊ ပျဉ်ပြားများဖြင့်ဆောက်လုပ်ထားသောအိုးအိမ်များကိုနေရာတိုင်းတွင်တွေ့နိုင်ပါသည်။

( ) ၅။ နမ်ခမ်မြို့နယ်ထဲ၌ကုန်ပစ္စည်းရောင်းသည့်ဈေးတန်းရှိ၍ဤဈေးတန်းသည်ကုန်ပစ္စည်းအမျိုးမျိုးအဖုံဖုံရောင်းချကြပါသည်။

နှစ်။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ နမ်ခမ်မြို့နယ်မှအဓိကတိုင်းရင်းသားလူမျိုးစုသည်မည်သည့်လူမျိုးစုနည်း။

၂။ နမ်ခမ်မြို့တွင်နာမည်ကျော်ကြားသည့်ရေပူစမ်းသည်မည်သည့်ရေပူစမ်းနည်း။

၃။ နမ်ခမ်မြို့နယ်မှလူဦးရေမည်မျှရှိပါသနည်း။

၄။ နမ်ခမ်မြို့တစ်နှစ်တွင်ဆန်စပါးမည်သည့်သီးစိုက်နိုင်ပါသနည်း။

၅။ နမ်ခမ်မြို့သည်မည်သည့်ပြည်နယ်ထဲသို့ပါဝင်သနည်း။

သုံး။ အောက်ပါဝါကျများကိုတရုတ်ဘာသာသို့ပြန်ဆိုပါ။

၁။ ရှမ်းပြည်နယ်၏ယာစိုက်ပျိုးရေးတွင်ထူးခြားသောယာစိုက်နည်းတစ်နည်းမှာအများနည်းတူခုတ်ထွင်ရှင်းပြီးလျှင်မီးရှို့သည်။ ထို့နောက်ပရစ်ဖုတ်ခြင်းကိုပြုခုပ်သည်။ မြေများကိုကြေမွစေရန်ပေါက်တူး၊ ပေါက်ပြားများနှင့်တူးဆွပြီးပုံထားပါသည်။ ထိုမြေပုံကလေးများကိုအကွာအဝေးညီညာစွာစီတန်းထားပြီးမြေပုံထဲတွင်နွားချေးခြောက်များထည့်ကာမီးရှို့သည်။ လေအတိုက်တွင်နွားချေးမီးလောင်ရန်မြေပုံများရှိမြေများဖုတ်ကျက်ပြီးဖြစ်သည်။ ယင်းကိုပရစ်ဖုတ်ခြင်းဟုခေါ်သည်။ ကျက်ပြီးမြေကိုပြန်ညှိ၍လိုရာကောက်ပဲသီးနှံများကိုစိုက်ပျိုးကြသည်။

၂။ တောင်ပိုင်းရှမ်းပြည်ဟိုပုန်းမြို့နယ်တစ်ဝိုက်တွင်သနပ်ဖက်စိုက်ပျိုးရေးလုပ်ငန်းမှာအဓိကစီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ သနပ်ပင်များကိုအမြစ်ပါသောအထက်အကိုင်းငယ်များအားမိုးဦးကျစအခါမြေကွက်တွင်ပေါက်တူးများနှင့်တူးဆွစိုက်ပျိုးထားသည်။ နှစ်နှစ်၊ သုံးနှစ်အကြာတွင်သနပ်ဖက်များခူးယူနိုင်သည်။ ခူးပြီးဖက်များကိုမီးတွင်ပေါင်းခံရသည်။ ဖက်ခူးရာတွင်လည်းမနုလွန်းမကြမ်းလွန်းသောအရွက်များကိုသာခူးရသည်။ ပေါင်းခံပြီးသနပ်ဖက်များကိုနေတွင်သွေ့အောင်လှမ်း၍ပြားချပ်သွားစေရန်အလေးများနှင့်ဖိထားရသည်။

၃။ ရှမ်းပြည်နယ်တွင်နေထိုင်ကြသောတိုင်းရင်းသားလူမျိုးများမှာများပြားလှပါသည်။ ထိုတိုင်းရင်းသားလူမျိုးများကိုခွဲခြားသတ်မှတ်လေ့လာရန်အတွက်မူတစ်ခုခုကိုစံထားရပေသည်။ ဤအလေ့အထစရိုက်များသည်လည်း

ကောင်း၊ ကိုးကွယ်ယုံကြည်မှုများသည်လည်းကောင်း၊ လူမှုရေးနှင့်စီးပွားရေးတို့သည်လည်းကောင်းတစ်ခုနှင့်တစ်ခုကွဲပြားမှုနည်း၍တူညီမှုများသောကြောင့်မူအဖြစ်သတ်မှတ်ထားရန်မဖြစ်နိုင်ချေ။ ထို့ကြောင့်ပြောသောဘာသာစကားကိုမူပြုလျက်စကားအုပ်စုများခွဲရသော်လွယ်ကူမည်ဟုထင်ရသော်လည်းလက်တွေ့အားဖြင့်ဘာသာစကားတူညီမှုများလည်းရှိကြောင်းတွေ့ရပြန်သည်။

# သင်ခန်းစာ (၂)

## သဒ္ဓါတရားကောင်းသောမြန်မာလူ

မြန်မာနိုင်ငံသည်ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုအဓိကအဖြစ်ထားသောနိုင်ငံတစ်နိုင်ငံဖြစ်၍ဗုဒ္ဓဘာသာစနစ်သည်တောင်ပိုင်းမှဆင်းသက်လာသောပါဠိဘာသာစကားမျိုးနွယ်စုဖြစ်သောဗုဒ္ဓဖြစ်ပါသည်။ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့်မြန်မာလူမျိုးတွေကဗုဒ္ဓဘာသာကိုယုံကြည်ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာခံယူထားသောဘာသာရေးတရား၏သွန်သင်ဆုံးမမှုအောက်တွင်မြန်မာလူတွေကသဒ္ဓါတရားအကျင့်မျိုးရခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လှူဒါန်းမှုသည်လူမှုနေထိုင်ရေးဘဝ၏အရေးကြီးသောအစိတ်အပိုင်းဖြစ်လာပါပြီဖြစ်သည်။ နေ့တိုင်းလိုလိုလှူဒါန်းမှုပြုလုပ်သည့်လူရှိသကဲ့သို့နေရာတိုင်းလိုလိုလှူဒါန်းမှုလှုပ်ရှားရေးအမျိုးမျိုးအဖုံဖုံရှိနေသည်။ ထို့ကြောင့်မြန်မာလူတွေအားလှူဒါန်းမှုမပြတ်သောလူမျိုးဖြစ်သည်ဆိုသည်ကိုပြောလို့ရပါသည်။ မြန်မာလူတွေကလှူဒါန်းမှုပြုလုပ်သောအခါတွင်ပစ္စည်းပစ္စယကြီးငယ်နည်းများသည်အဓိကမဟုတ်ပါ။ စေတနာကောင်းမှုသည်အရေးကြီးခြင်းဖြစ်ပါသည်။ စေတီတော်၊ ဘုရားကျောင်းကန်များဆောက်လုပ်မွမ်းမံပြင်ဆင်ခြင်း၊ တံတားထိုးခြင်း၊ လမ်းခင်းခြင်းကဲ့သို့အကြီးအကျယ်လှူဒါန်းသောစွမ်းရည်မရှိသော်ငြားလည်းဆွမ်းတစ်နပ်၊ သစ်သီးဝလံတစ်လုံး၊ ပန်းတစ်ပွင့်၊ ရေတစ်မှုတ်သာစေတနာကောင်းကောင်းနှင့်ပြုလုပ်လိုက်လျှင်ချီးကျူးဖွယ်ကောင်းလှပါသည်။

လှူဒါန်းမှုသည်ကုသိုလ်ပွားများစုဝေးနိုင်၍စေတနာကောင်းကောင်းနှင့်လှူဒါန်းလျှင်ကောင်းမှုကြီးမားလှသည်ဟုမြန်မာလူတွေကယူဆကြပါသည်။ ဆိုရိုးစကားဆိုသကဲ့သို့ပင်၊ "လှူဒါန်းမှုဟာညောင်ပင်သီးလိုငယ်ပေမဲ့ကုသိုလ်ကောင်းမှုဟာညောင်ပင်ကြီးလိုကြီးမားလှပါတယ်။" လှူဒါန်းသည့်နည်းလမ်းသည်အမျိုးမျိုးအဖိုဖိုရှိနေပါသည်။ စေတီတော်များနှင့်ဘုရားကျောင်းကန်များသည်အများအားဖြင့်ဗုဒ္ဓဘာသာဝင်များကအရင်းငွေလှူပေးပြီးဆောက်လုပ်လိုက်ခြင်းဖြစ်ပါသည်။ သိန်းနှင့်ချီသောသံဃာ၊ မယ်သီလရင်များ၏ဆွမ်းကိုဌင်း၊ သင်္ကန်းများကိုဌင်း၊ ဆေးဝါးများနှင့်နေထိုင်မှုဘဝသုံးကုန်ပစ္စည်းများကိုဌင်း၊ တကာတကာမတို့ကလှူဒါန်းပေးလိုက်တာဖြစ်ပါသည်။ ကျေးလက်တောရွာများမှမြေလမ်း၊ ကျောက်ပြားလမ်း၊ တံတားငယ်စသည်တို့ကလည်းအများအားဖြင့်ရွာသူရွာသားများကအရင်းငွေလှူဒါန်း၍ဆောက်လုပ်လိုက်တာဖြစ်ပါသည်။ မြို့ထဲမှဘတ်စ်ကားကားမှတ်တိုင်၏အရိပ်အာဝါသရစေသောမဏ္ဍပ်၊ ဥယျာဉ်ထဲမှကုလားထိုင်ရှည်၊ အုတ်ခဲထိုင်ခုံများစသည်တို့လည်းအများအားဖြင့်မြို့သူမြို့သားများကလှူပေးလိုက်တာဖြစ်ပါသည်။ လှူဒါန်းမှုသည်မြန်မာနိုင်ငံ၏မြို့ပြအုပ်ချုပ်ရေးတည်ဆောက်မှုဆိုင်ရာတာဝန်အချို့ကိုခံယူလိုက်ပြီဟုဆိုနိုင်ပါသည်။

မြန်မာနိုင်ငံသည်အပူပိုင်းဇုန်ဒေသတွင်တည်ရှိသဖြင့်တစ်နှစ်ပတ်လုံးရာသီဥတုပူအိုက်လှပါသည်။ အကယ်၍နေလုံးကြီးချစ်ချစ်တောက်လောင်အောင်ပူပြင်းလှသည့်နွေရာသီရက်နေ့များတွင်လမ်းဖြတ်သူများအားကြည်လင်အေးမြသန့်ရှင်းလှသောရေတစ်ခွက်ရိုသေလေးမြတ်စွာဖြင့်လက်ဆောင်ပေးလိုက်လျှင်လည်းကုသိုလ်ပွားများသည်ကြီးမားလှသည်ဟုမြန်မာလူတွေကယူဆကြပါသည်။ ထို့ကြောင့်စေတီတော်၊ သစ်ပင်ကြီး၊ ရွာဦး၊ လမ်းဝ၊ ကားမှတ်တိုင်၊ လမ်းဘေး၊ နေအိမ်ရှေ့တွင်လမ်းဖြတ်သူအတွက်ရေသောက်ရန်အိုးစင်ပြင်ဆင်ပေးထားတာကိုတွေ့နိုင်ပါသည်။ နေ့တိုင်းနံနက်ခင်းတွင်ရေလာလဲသောလူရှိနေပါပြီ။ ရေသည်မြန်မာနိုင်ငံတွင်အဖိုးချိုလှပါသည်။ ကြည်လင်လှသည့်ရေတစ်ခွက်သည်မပြောပလောက်သော်လည်းမြန်မာလူတွေ၏ပြောပုံပြောနည်းအရအောက်ပါကောင်းကျိုးများ ၁၀ မျိုးရှိတတ်ပါသည်ဟုဆိုသည်။ ဆိုလိုသည်မှာအသက်ရှည်ခြင်း၊ ရုပ်ရည်ချောမောလှပခြင်း၊ ကုံလုံကြွယ်ဝခြင်း၊ ဉာဏ်ထက်မြက်ခြင်း၊ အားကြီးခြင်း၊ နာမည်ကျော်စောခြင်း၊ သူတစ်ပါးများ၏လေးစားမှုကိုခံရခြင်း၊ ရိုးဖြောင့်ခြင်း၊ သွက်လက်ချက်ချာခြင်း၊ ဝမ်းဝခါးလှခြင်းစသည်တို့ဖြစ်ကြပါသည်။

များပြားလှသောမြန်မာလူတွေကလှူဒါန်းမှုပြုလုပ်သောအခါတွင်ရေကြည်ကိုမြေပေါ်တွင်သို့မဟုတ်ပန်း

ကန်ပြားထဲစောင်းယွဲ့ထားကာဘုရားကိုဆုတောင်း၍ကုသိုလ်ပွားများကိုအများပြည်သူနှင့်အတူဝေမျှခံစားလေ့ရှိပါသည်။ ဤသို့လုပ်ခြင်းသည်မြတ်စွာဘုရားရှိသောအခါမှစ၍ဤအစဉ်အလာရှိပြီဟုဆိုပါသည်။

မျှားပြားလှသည့်မြန်မာလူမျိုးတွေကသံသရာလည်ခြင်းနှင့်ပဋိစ္စသမုပ္ပါဒ်တရားဘုရားပြခြင်းနှင့်ပတ်သက်သောဗုဒ္ဓဘာသာပြောဆိုချက်ကိုယုံကြည်ကြပါသည်။ ဤတစ်သက်အပြုအမူကောင်းခြင်း၊ သို့မဟုတ်ဆိုးယုတ်ခြင်းသည်နောင်ဘဝကံကြမ္မာ၏ကံကောင်းခြင်းနှင့်ကံဆိုးခြင်းကိုဆုံးဖြတ်လိုက်သည်ဟုသူတို့ယုံကြည်ကြပါသည်။ စေတနာကောင်းသူသည်ကောင်းကျိုးပေးမှုခံရ၍စေတနာမကောင်းသူသည်ဒုစရိုက်အပေါ် ဒဏ်ပြန်ခတ်မှုခံပါလိမ့်မည်ဖြစ်သည်။ လူသေသွားပြီးနောက်နောက်ထပ်တစ်ကြိမ်မွေးဖွားလျှင်လူဆက်ဖြစ်နိုင်သည်။ အကယ်၍ရှေးဘဝဆိုးယုတ်သည့်လူဖြစ်ခဲ့လျှင်နောင်တမလွန်ဘဝတွင်ညှဉ်းပန်းနှိပ်စက်မှုကိုအပြည့်အဝခံရခြင်း၊ သို့မဟုတ်အိမ်မွေးတိရစ္ဆာန်ဖြစ်သွားပါလိမ့်မည်ဖြစ်သည်။ အကယ်၍ရှေးဘဝကုသိုလ်ကောင်းမှုပြုလုပ်သူဆိုလျှင်နောင်တမလွန်ဘဝတွင်ဂုဏ်စည်းစိမ်နိုင်ပါသည်။ မျှားပြားလှသည့်မြန်မာလူမျိုးတွေကသဒ္ဓါသဖြင့်အစဉ်အလာဖြစ်သည့်ပွဲတော်နေ့ရောက်လာသောအခါ၊ ဥပမာဆိုပါတော့ဘုရားရေလောင်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ သင်္ကြန်ပွဲတော်နေ့များတွင်သူတို့ကအရိပ်အာဝါသရစေသောမဏ္ဍပ်ထိုးပြီးလမ်းဖြတ်သူတွေမုန့်လုံးရေပေါ် ကိုငှင်း၊ ကောက်ညှင်းပေါင်းကိုငှင်းစားရန်ညည့်ဝတ်ပြုစုပါသည်။ သို့မဟုတ်အဖျော်ယမကာစသည်တို့ကိုသုံးဆောင်ခိုင်းပါသည်။ လှူဒါန်းမှုသည်အလွန်အရေးကြီးသောသာသနာအပြုအမူဖြစ်၍ကုသိုလ်ပွားများစုဝေးမှုဖေါ်ပြသည်ဟုသူတို့ယူဆကြပါသည်။ ထို့ကြောင့်သူတို့ကလှူဒါန်းရာတွင်စိုးစဉ်းမျှဝန်မလေးပေ။ တကာအချို့သည်တစ်နှစ်ပတ်လုံးဘုန်းတော်ကြီးများအချို့၏ဆွမ်းများကိုတာဝန်ယူပါသည်။ သူတို့ကလူတွေ၊ သို့မဟုတ်တိရစ္ဆာန်များအပေါ် ကြင်နာ၍သဘောကောင်းထားရှိလေ့ရှိသည်။ ထိခိုက်စေတတ်သောအဆိပ်ပါမြွေကိုတောင်ကာကွယ်ပြီးလူသွားတာနည်းသည့်နေရာသို့အသက်ရှင်အောင်ပို့သွားတတ်ပါသည်။ တကာတကာမအချို့သည်စျေးကွက်တွင်အခြားလူရောင်းနေသောငရှဉ့်၊ ငမြွေထိုးများကိုဝယ်လာပြီးနောက်ရေချောင်းရေကန်ထဲသို့ဘေးမဲ့ပြန်လွှတ်သွားလိုက်ပါသည်။ ဘုရားတရားကြည်ညိုသောဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့်ပါဏာတိပါတကံပြုမှုမလုပ်နိုင်ပေ။ သူတို့စားကြသည့်သားငါးများသည်ဝယ်လာတာဖြစ်သည်။ သို့မဟုတ်ကိုယ့်ဟာကိုယ်သေသွားသည့်တိရစ္ဆာန်၏အလောင်းပေါ် မှလှီးဖြတ်လိုက်တာဖြစ်သည်။

## ဝေါဟာရ

သဒ္ဓါ။ လှူဒါန်းမှုနှစ်သက်မြတ်နိုးသည်။ ကုသိုလ်ကောင်းမှုပြုလုပ်တာပျော်ရွှင်ခြင်းနှင့်လှူဒါန်းမှုပြုလုပ်တာစိတ်ပါဝင်လှသည် (ကြိ) 乐善好施

သဒ္ဓါစရိုက် (န) 乐善好施的新行为

သဒ္ဓါတရား (န) 乐善好施的精神

သဒ္ဓါတရားကောင်းသောမြန်မာလူ (န) 乐善好施的缅甸人

သဒ္ဓါစရိုက်ရှိသောမြန်မာလူ (န) 乐善好施的缅甸人

သဒ္ဓါ (ကြိ) 对 …… 有深情；对 …… 怀好感

ဗုဒ္ဓဘာသာခံယူထားသောဘာသာရေးတရား (ဒေသနာတော်) (န) 佛教教义

လိုသည်။ အကျင့်မျိုးရခဲ့သည် (ကြိ) 养成了

အဓိကဖွဲ့စည်းမှုအစိတ်အပိုင်း (န) 主要组成部分

စေတနာကောင်းဖြင့်။ စေတနာသန့်သန့်နှင့် (န) (နဝိ) 诚心诚意

ဆွမ်းတစ်နပ်။ ပိဏ္ဍပတ်တစ်နပ် (န) 一餐斋

ရေတစ်ရေမှုတ် (န) 一瓢水

ကောင်းမှုကျေးဇူးတော်။ ကုသိုလ်ပွားများမှုစုဝေး (ကြိ) 积功德

ကုသိုလ်ပွားများပြုလုပ်ခြင်းသည်အတိုင်းအတာမရှိ။ လှူဒါန်းသည့်အရေအတွက်အကန့်အသတ်မရှိ (န) 功德无量

အရင်းငွေလှူသည်။ မ,တည်ငွေလှူသည်။ ငွေပင်ငွေရင်းလှူသည် (ကြိ) 捐资

သံဃာ။ သင်္ဃာ။ ရဟန်း (န) 僧侣

မယ်သီလ။ မယ်သီလရင်။ ဘိက္ခုနီ။ ဖွားသီလ (န) 尼姑

ဆွမ်း (န) 斋饭

သင်္ကန်း။ ဘုရားအရေတော် (န) 袈裟

ဝေနေယျသတ္တဝါ။ တကာတကာမ (န) 善男信女

မြေလမ်း။ ကြမ်းလမ်း (န) 土路

ကျောက်ပြားလမ်း။ ကျောက်ပြားဖြင့်ခင်းထားသောလမ်း (န) 石板路

တံတားငယ်။ တံတားလေး (န) 小桥

ငွေလှူ၍ဆောက်လုပ်ထားခြင်း (န) 捐款修建

အရိပ်အာဝါသရစေသောမဏ္ဍပ် (န) 凉棚

အုတ်ခုံ။ အုတ်ခဲထိုင်ခုံ (န) 砖凳

မြို့သူမြို့သားများကလှူဒါန်းပေးကမ်းသည် (က) 市民们捐

မြို့ပြအုပ်ချုပ်ရေးတည်ဆောက်မှု။ မြို့ပြစည်ပင်သာယာရေးလုပ်ငန်း (န) 市政建设

နေလုံးကြီးချစ်ချစ်တောက်လောင်အောင်ပူပြင်း (ကြိ) 赤日炎炎

နွေရာသီရက်နေ့။ နွေဥတုရက် (န) 夏日

ရိုသေလေးမြတ်စွာဖြင့်လက်ဆောင်ပေးသည် (ကြိ) 奉上

ကြည်လင်အေးမြသန့်ရှင်းသည့်ရေ (ပုဒ်စု) 清凉洁净的水

အိမ်ရာရှေ့တွင်။ နေအိမ်ရှေ့တွင် (န) 住宅前

ရေသောက်အိုးစင်။ ရေသောက်အိုးခုံ (န) 饮水罐架子

မပြောပလောက်ပေ။ မပြောပလောက်ပါ (န) 不值一提

ရုပ်ရည်ချောမော။ ရုပ်ရည်သွင်ပြင်ချောမော (နဝိ) 容貌美

ဉာဏ်ထက်မြက် (နဝိ) 聪慧

ရိုးဖြောင့် (နဝိ) 淳朴

စောင်း။ ယွဲ့။ စောင်းယွဲ့။ သွေဖီ (ကြိ) 倾

ဘုရားကိုဆုတောင်း။ ဘုရားကိုဆုတောင်းပတ္ထနာပြု (ကြိ) 向佛祈祷

ကောင်းမှုကျေးဇူးကြီး (န) 功德

အများပြည်သူဝေမျှခံစား။ အများတကာဝေမျှခံစား (ကြိ) 众人分享

မြတ်စွာဘုရား။ အရှင်ဘုရား။ ဗုဒ္ဓရှင်တော်အရှင်ဘုရား (န) 佛祖

သံသရာလည် (က) 轮回

ပဋိစ္စသမုပ္ပါဒ်တရား (န) 因果

ဘုရားပွဲ (က) 报应

ငါးမြွေထိုး (န) 泥鳅

ဘေးမဲ့လွှတ် (က) 放生

ပါဏာတိပါတကံပြု (က) 杀生

## လေ့ကျင့်ခန်း

တစ်။ ဖတ်စာအရအောက်ပါဝါကျများကိုအဟုတ်တကယ်ဟုတ်မဟုတ်ဆုံးဖြတ်ပေးပါ။

( ) ၁။ မြန်မာလူမျိုးများကကိုးကွယ်သောဗုဒ္ဓဘာသာအယူဝါဒသည်အိန္ဒိယပြည်မှဆင်းသက်လာခြင်းဖြစ်ပါသည်။ ထို့အတူအခြားများစွာသောယဉ်ကျေးမှုအယူဝါဒများသည်လည်းအိန္ဒိယပြည်မှပင်ဆင်းသက်ပြန့်ပွားလာခြင်းဖြစ်ပါသည်။

( ) ၂။ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်ကြသောမြန်မာလူမျိုးတို့သည်ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအတိုင်းဘုရားပူဇော်ခြင်း၊ လှူဒါန်းမှုပြုကြပါသည်။

( ) ၃။ မြန်မာပြည်သည်ဗုဒ္ဓဘာသာထွန်းကားသောတိုင်းပြည်တစ်ပြည်ဖြစ်သည့်အတိုင်းမြန်မာလူမျိုးတို့သည်အများအားဖြင့်ဘာသာတရားကိုအလွန်ကိုင်းရှိုင်းကြပါသည်။

( ) ၄။ မြန်မာလူတွေကလှူဒါန်းမှုပြုလုပ်သောအခါပစ္စည်းပစ္စယသည်အရေးကြီးပါသည်။

( ) ၅။ ဘတ်စ်ကားကားမှတ်တိုင်၏အရိပ်အာဝါသရစေသောမဏ္ဍပ်များကရေဥယျာဉ်ထဲမှထိုင်ခုံတွေကပါမြို့ပြအုပ်ချုပ်ရေးတည်ဆောက်မှုဌာနကငွေထုတ်ပြီးတည်ဆောက်လိုက်တာဖြစ်သည်။

နှစ်။ အောက်ပါဝါကျများကိုတရုတ်ဘာသာသို့ပြန်ဆိုပါ။

၁။ လှူဒါန်းမှုမပြုမီလှူဒါန်းသည့်စိတ်သဘောဖြစ်ပွား၍လှူဒါန်းသောအခါချိတုံချတုံမဖြစ်၊ လှူဒါန်းပြီးနောက်နောင်တရလည်းမဖြစ်မှသာကုသိုလ်ပွားများစုဝေးထားနိုင်သည်ဟုမြန်မာလူတွေကယူဆကြပါသည်။

၂။ မြန်မာနိုင်ငံတွင်ဆိုရိုးစကားတစ်ခွန်းရှိသည်။ ဤသည်မှာစေတနာကောင်းရှိရှိနှင့်ညောင်သီးလေးကဲ့သို့ပစ္စည်းလေးများလှူဒါန်းလိုက်လျှင်ညောင်ပင်ကြီးကဲ့သို့ကျေးဇူးဆပ်မှုရနိုင်ပါသည်။ စေတနာကောင်းကင်းသူသည်ညောင်ပင်ကြီးကဲ့သို့ပစ္စည်းပစ္စယများလှူဒါန်းပေးစေကာမူညောင်သီးလေးကဲ့သို့ကုသိုလ်ကောင်းမှုသာရနိုင်ပါသည်ဖြစ်သည်။

၃။ မြန်မာနိုင်ငံတွင်တစ်နှစ်ပတ်လုံးပန်းမာလာများဝေဝေဆာဆာပွင့်ဖူး၍မွှေးကြိုင်သောပန်းရနံ့နှာခေါင်းထဲတိုးဝင်လာပါသည်။ လူတွေကပန်းမာလာများကိုအတော်နှစ်သက်ကြသဖြင့်သူတစ်ပါးကိုလတ်ဆတ်လန်းဆန်းသောပန်းများမကြာခဏဆက်သပေးလေ့ရှိသည်။

၄။ မြန်မာလူကနေ့တိုင်းနံနက်ခင်းတွင်ဈေးကွက်ကိုသွား၍ပန်းမာလာများဝယ်သဖြင့်ပန်းဈေး၏အရောင်းအဝယ်သည်အင်မတန်တွင်ကျယ်လှပါသည်။

၅။ မြန်မာလူမျိုးများကအလွန်နားထောင်ချင်သည့်ဆုတောင်းစကားတစ်ခွန်းသည် "မိတ်ဆွေကိုရေကြည်သလိုသန့်ရှင်းစင်ကျယ်ပြီးပန်းမာလာများလိုမွှေးကြိုင်စေလိုပါတယ်။"

သုံး။ အောက်ပါစာပိုဒ်ရှိကွက်လပ်များ၌ဆီလျော်သောစကားစုထည့်၍ဖြည့်ကြပါ။

ဗုဒ္ဓဘာသာဘက်တွင်နာမ်စကားလုံးတစ်လုံးရှိနေပါသည်။ ဤစကားလုံးသည် "သီလ" ဖြစ်ပါသည်။ သီလ၏အဓိပ္ပာယ် ______ စည်းမျဉ်းဥပဒေပါအချက်အလက်သတ်မှတ်ထားသောဘာသာဝင်များကလိုက်နာဆောင်ရွက် ______ နေထိုင်မှုစံတင်ရသည့်အခြေခံမှုဖြစ်သည်။ ကမ္ဘာ့လူများကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေး ______ သီလသည်အရေးအကြီးဆုံးဖြစ်ပါသည်။

သီလမစောင့်သောသူ ______ သန္တာန်၌ကာယကံမှု၊ ဝစီကံမှုတို့ ______ အထိန်းမရှိသောချည်ခင်ပမာဖြစ်လိုရာဖရိုဖရဲဖြစ်တတ်၏။ သီလကိုစောင့်ထိန်း ______ ထိုကာယကံမှု၊ ဝစီကံမှုတို့သည်ဖရိုဖရဲမဖြစ်နိုင်ပေ။

ကုသိုလ်တရားဟူသမျှ _____ သီလနှင့်ကင်း၍မဖြစ်နိုင်၊ သီလရှိ _____ သူ၏သန္တာန်၌သာကုသိုလ်တရားတို့ကောင်းစွာဖြစ်ပွားနိုင်၏။

သီလသည်ကုသိုလ်တရားဟူသမျှတို့၏မူလအကြောင်းရင်းဖြစ်ရကားကာယကံမှု၊ ဝစီကံမှုတို့ကိုရုန့်ရင်းကြမ်းတမ်းစွာဖြစ်ခွင့်မပေးဘဲသိမ်မွေ့နူးညံ့ ______ ကောင်းစွာထားတတ်ကြပါသည်။

# သင်ခန်းစာ (၃)

## လန်ချာမြစ်-မဲခေါင်မြစ်ရေကြောင်းခရီး

အရှေ့တောင်အာရှနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုဆက်သွယ်နေသောလန်ချာမြစ်-မဲခေါင်မြစ်ကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်ယိုးဒယားနိုင်ငံများကုန်သွယ်ရန်ရေကြောင်းမှတစ်ဆင့်နိုင်ငံတကာသို့ပေါက်သွားသောပထမရေကြောင်းပို့ဆောင်ရေးအဖြစ်ထားသောလမ်းခရီးတစ်သွယ်သည် ၂၀၀၁ ခုနှစ်ဇွန်လ ၂၆ ရက်နေ့မှစ၍ရေပေါ်သင်္ဘောအဆင်ပြေချောမွေ့စွာသွားလာနိုင်အောင်ခုတ်မောင်းနိုင်ပြီဖြစ်သည်။ ဤသတင်းကိုကြားရသည့်အတွက်ဝမ်းသာပျော်ရွှင်ခြင်းနှင့်ရွှင်လန်းနှစ်သိမ့်မှုခံစားမိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်ယိုးဒယားနိုင်ငံအစိုးရသည် ၂၀၀၀ ပြည့်နှစ်ဧပြီလ ၂၀ ရက်နေ့ရှမ်းပြည်နယ်၏အရှေ့ပိုင်းတာချီလစ်တွင်ကုန်သွယ်ရန်လန်ချာမြစ်-မဲခေါင်မြစ်ရေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ချုပ်ဆိုသည့်အခမ်းအနားကိုချုပ်ဆိုပြီးသည့်နောက်၄င်းကိုအကျိုးဖြစ်ထွန်းမှုအဖြစ်ထားကာကုန်သွယ်နိုင်အောင်နိုင်ငံခြားသို့ပေါက်သွားရသောဤရေကြောင်းပို့ဆောင်ရေးခရီးလမ်းသည်အဆိုပါနိုင်ငံများကိုအဆင်ပြေချောမွေ့စွာဆက်သွယ်ထားလိုက်ပြီဖြစ်သည်။

မဲခေါင်မြစ်၏မြစ်ညာတွင်ရှိသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်ယိုးဒယားနိုင်ငံဟူသောနိုင်ငံ ၄ နိုင်ငံတို့သည်အပြန်အလှန်ကုန်သွယ်နိုင်အောင်ဤရေကြောင်းခရီးလမ်းကိုနိုင်ငံတကာသို့ပေါက်ရောက်သွားသောလမ်းပန်းဆက်သွယ်ရေးဖြစ်လာနိုင်ရန် ၁၉၉၄ ခုနှစ်မှစ၍အကြိမ်ပေါင်းများစွာတွေ့ဆုံညှိနှိုင်းခဲ့ဖူးပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုအောက်တွင်ကုန်သွယ်ရန်လန်ချာမြစ်-မဲခေါင်မြစ်ရေကြောင်းသင်္ဘောအဆင်ပြေချောမွေ့စွာအပြန်အလှန်ခုတ်မောင်းသွားလာနိုင်သည့်လမ်းပန်းဆက်သွယ်ရေးကန်ထရိုက်စာချုပ်ကိုချုပ်ဆိုရုံသာမကဤနိုင်ငံများအပြန်အလှန်ကုန်သွယ်နိုင်ရန်ဤရေကြောင်းကိုနိုင်ငံခြားသို့ပေါက်ရောက်သွားနိုင်သောပထမရေကြောင်းလမ်းအဖြစ်ထား၍လှေသင်္ဘောများသည်ဤရေကြောင်းအတိုင်းအဆင်ပြေချောမွေ့စွာသွားလာခုတ်မောင်းနိုင်သေးပါသည်။

လန်ချာမြစ်-မဲခေါင်မြစ်သည်အာရှ ၆ နိုင်ငံများ၏နယ်မြေကိုစီးဖြတ်သွားသည့်တစ်ခုတည်းသောနိုင်ငံခြားမြစ်ကြီးတစ်သွယ်ဖြစ်သည်။ ၄င်း၏မြစ်ဖျားသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏တိဗက်ကုန်းပြင်မြင့်တွင်ခံလိုက်သည်ဖြစ်ပါသည်။ လာအို၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများ၏နယ်မြေပေါ်စီးဖြတ်သွား၍ဗီယက်နမ်မှနေတရုတ်ပြည်၏တောင်ပင်လယ်ထဲသို့စီးဝင်ကာရှည်ဝေးသောရေးပဝေသဏီခေတ်မှစ၍တည်ရှိခဲ့သည့်မြစ်ကြီးတစ်သွယ်ဖြစ်ပါသည်။

မဲခေါင်မြစ်ကိုအားလုံးကဒင်နုမြစ်ဟုခေါ်ဆိုကြပါသည်။ ဒင်နုမြစ်သည်ဥရောပတိုက်တွင်များပြားလှသည့်နိုင်ငံ၏နယ်မြေများကိုစီးဖြတ်သောနာမည်ကျော်ကြားသည့်စစ်သေနင်္ဗျူဟာအဓိပ္ပာယ်ရှိလှသည့်မြစ်ကြီးတစ်သွယ်ဖြစ်ပါသည်။ အလားတူဘဲ၊ မဲခေါင်မြစ်ကလည်းအရှေ့အာရှ ၆ နိုင်ငံ၏နယ်မြေများကိုစီးဖြတ်သွားသောစစ်သေနင်္ဗျူဟာအဓိပ္ပာယ်ရှိလှသောမြစ်ကြီးလည်းဖြစ်ပါသည်။ ကီလိုမီတာ ၅၀၀၀ ရှည်လျားသည့်မဲခေါင်မြစ်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နယ်နိမိတ်အတွင်းပိုင်းမှမြစ်ညာသည် ၂၁၆၀ ကီလိုမီတာရှိကာတရုတ်လူမျိုးများကဤအပိုင်းကိုလန်ချာမြစ်ဟုခေါ်ဆိုကြပါသည်။ လန်ချာမြစ်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အနောက်ပိုင်းဖြစ်သောယူနန်ပြည်နယ်တွင်းစီးသွားသည့်နေရာသည်ကီလိုမီတာ ၁၀၀၀ ကျော်ရှိနေပါသည်။ ပြီးနောက်မြန်မာ၊ လာအို၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့်ဗီယက်နမ်နိုင်ငံများ၏နယ်မြေကိုစီးဖြတ်၍ဤအပိုင်းကိုမဲခေါင်မြစ်ဟုခေါ်ဆိုကြပါသည်။

၁၉၉၀ ပြည့်နှစ်မှစ၍တရုတ်၊ လာအိုနိုင်ငံကြားမှလန်ချာမြစ်-မဲခေါင်မြစ်ရေကြောင်းခရီးလမ်းတွင်လှေ